# မန္တလေးမြို့ မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ရတနာပုံခန်းမတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ရတနာပုံခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြို့မအပျော်တမ်းတူရိယာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ် ကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့မအပျော်တမ်းတူရိယာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီးနောက် မြို့မအပျော်တမ်းတူရိယာအသင်း စတင်ဖြစ်ပေါ်လာပုံမှစ၍ ယနေ့အချိန်အထိ ဓာတ်ပုံများ၊ မှတ်တမ်းများ၊ အသုံးပြုခဲ့သည့် တူရိယာပစ္စည်းမျိုးစုံနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ထုတ်ဝေသည့် မဂ္ဂဇင်းများနှင့် အမှတ်တရပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးကြပြီးနောက် ရတနာပုံခန်းမတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့မအဖွင့်တီးလုံးဖြင့် ဧည့်ခံတင်ဆက် ဖွင့်လှစ်ခဲ့သည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးနှင့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာ ခွဲခြား၍ မရပါကြောင်း၊ ၁၉၂၅ ခုနှစ်တွင် ဝါသနာရှင်လူငယ် တစ်စုဖြင့် စတင်ခဲ့ပြီး ပထမဆုံးအသင်းဥက္ကဋ္ဌမှာ ဦးတော်လုံ ဖြစ်ကာ ရတနာပုံဗုဒ္ဓဝေယျာဝစ္စ တူရိယာအသင်းကြီးဟု မှည့်ခေါ်ခဲ့ပါကြောင်း၊ ဆရာ မြို့မငြိမ်း(ခေါ်) ဦးကျော်ငြိမ်း အပါအဝင် မြို့မိမြို့ဖများဖြင့် စတင်တည်ထောင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြို့မအပျော်တမ်းတူရိယာအသင်းဟု အမည်ပြောင်းလဲ ခေါ်ဆိုခဲ့ပါကြောင်း၊ စေတနာရှင်၊ ဝါသနာရှင်များဖြင့် စုစည်းပါဝင်တည်ထောင်ထားပြီး မြို့မိမြို့ဖများနှင့်အတူ ရှင်သန်ရပ်တည်လာခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မန္တလေးမြို့၏ ပြယုဂ် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာ နှစ်(၁၀၀)တိုင်သို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မြို့မအသင်းကြီး၏ ရည်ရွယ်ချက်(၆)ချက်နှင့်အညီ မြန်မာသီချင်းကြီးများကို ကမ္ဘာသုံး Music Note အမှတ်အသားပညာများ အသုံးပြု၍ ကမ္ဘာ့ခေတ်မီတူရိယာတီးဝိုင်းကြီးအဖြစ် ကူးပြောင်းတိုးတက်ဆောင်ရွက်နိုင်ရန် နိုင်ငံ့ဂုဏ်ဆောင်၊ မြို့ဂုဏ်ဆောင်တူရိယာအသင်းကြီး တစ်ခုအဖြစ် နောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ခိုင်မြဲစွာ ရှင်သန်ရပ်တည်နိုင်ရန် မြို့မိမြို့ဖများနှင့်အတူ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က မြို့မအပျော်တမ်းတူရိယာအသင်းကြီး စတင်ပေါ်ပေါက်လာပုံ၊ မြို့မိမြို့ဖတို့၏ အားပေးရပ်တည်နေမှုနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပဖြစ်ပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် မြို့မအပျော်တမ်းတူရိယာအသင်းကြီး ဥက္ကဋ္ဌတို့က မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးနောက် မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် မြို့မမောင်မယ်များမှ မြို့မအသင်းကြီး၏ တေးပြုစာဆို ဂန္ဓဝင်မြောက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများ၊ ဆုရရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာအထက်တန်းကျောင်းတို့မှ အကအဖွဲ့များ၏ အကများဖြင့် ဧည့်ခံတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀









# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၇**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း(၃)ပိုင်းခွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ကျင်းပမည့် မြို့နယ်များအလိုက် တာဝန်များခွဲဝေချထားပေးပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပေါင်းစပ်ပြီး လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ပြည်သူများ မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးအတွက် တစ်အိမ်တက်ဆင်းဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က အလေးထားကာ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် ဒုတိယအကြိမ်ကပ်ထားကြေညာထားသည့်မဲဆန္ဒရှင် စာရင်းများအား မြို့နယ်များအလိုက် တစ်အိမ်တက်ဆင်း တိုက်ဆိုင်စိစစ် သွားရန်ဆောင်ရွက်သွားမည့်အစီအမံများ၊ ကြိုတင်မဲပေးမှုဖောင်းပွမှုမဖြစ်စေရေး၊ မဲမသမာမှုမရှိစေရေးစိစစ်ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များသို့ပို့ဆောင်ပေးထားမှု၊ မဲပေးစက်စစ်ဆေးခြင်းလုပ်ငန်းများကို နည်းပညာအထောက်အကူပြုအဖွဲ့များမှ သင်တန်းပေးထားသည့် နည်းပညာရှင်များဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများအတွက် လုံခြုံရေးစနစ်တကျ ဆောင်ရွက်မည့်အစီအစဉ်များ၊ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

သတင်း-စာမျက်နှာ ၁၂



# လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၇**

လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ၇၃လမ်းနှင့် ၁၁၀ ထောင့်ရှိ KBZ Center Mandalay တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကွန်ယက်၊ သုဇာတာဖောင်ဒေးရှင်း၊ ရက်ကန်းလုပ်ငန်းရှင်များအသင်းနှင့်ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေး လုပ်ငန်းရှင် အမျိုးသမီးကွန်ရက် ဒုတိယဥက္ကဋ္ဌ ဒေါ်လင်းလင်းထွန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းကြည်က သင်တန်းအကြောင်းအရာများ ကိုပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကွန်ရက် ဒုတိယဥက္ကဋ္ဌ ဒေါ်မွေးသီတာသိန်းက အမှာတရစကားပြောကြားသည်။ (ဝဲပုံ)

ထို့နောက် သင်တန်းသူမညိမ်းညိမ်းဌေးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းဓာတ်ပုံရိုက်ကာ သင်တန်းပို့ချမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (ဝ၄၅)



# ဆေးတက္ကသိုလ်(မန္တလေး)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မိဘအုပ်ထိန်းသူ တွေ့ဆုံပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

ဆေးပညာပထမနှစ်(၁၁/၂၀၂၅)၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မိဘအုပ်ထိန်းသူတွေ့ဆုံပွဲကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဆေးတက္ကသိုလ်(မန္တလေး)၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ ဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးသက်တင်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ဆေးတက္ကသိုလ်(မန္တလေး)ရှိ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများနှင့် မိတ်ဆက်ခဲ့သည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများကိုယ်စား ရောဂါဗေဒဌာန၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာစန်းစန်းလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆေးတက္ကသိုလ်(မန္တလေး)၊ ဌာနမှူး(စီမံ၊ ဘဏ္ဍာ)ဒေါ်ခင်စိုးရီက တက္ကသိုလ်စည်းမျဉ်းစည်းကမ်းများနှင့် စာမေးပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆေးတက္ကသိုလ်(မန္တလေး)၏ Documentary Video အားပြသခဲ့ပြီး ဆေးပညာပထမနှစ်(၁၁/၂၀၂၅) သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ အခမ်းအနား ပြီးစီးခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်(ချမ်း/စံ)**



# ကိုက်လန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများအဆင်ပြေ

**ကျွန်းလှ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းရေတင်စိုက်ပျိုးသော ကိုက်လန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချောင်းရေတင်ပြီး ကိုက်လန် အပင် ၂၀၀၀ စိုက်ပျိုးထားပါတယ်။ မျိုးဖိုး၊ မြေသြဇာဖိုး၊ ဆေးဖိုးနဲ့ လုပ်အားခအပါအဝင် ငွေကျပ် တစ်သိန်းခွဲလောက် ကုန်ကျပါတယ်။ ယခုအခါ ကိုက်လန်စိုက်ခင်းမှာ ကောက်ယူနေရပြီး ပေါ်ဦးပေါ်ဖျားဆိုတော့ သုံးညွှန့်ပါ တစ်စည်းကို ငွေကျပ် ၅၀၀ ရောင်းရပါတယ်။ တိုးချဲ့စိုက်ပျိုးဖို့ပြင်ဆင်နေပါတယ်"ဟု ရှမ်းစုကျေးရွာ ကိုက်လန်စိုက်ပျိုးသူ ဦးနိုင်က ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံစိုက်ပျိုးရန် ၅၇၇ ဧက လျာထားပြီး လက်ရှိအချိန်အထိ ၅၄၆ ဧက၊ ၉၄ ဒသမ ၆၃ ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)

## ပြည်သူ့စာကြည့်တိုက်တွင် သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများ တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားစေရေးနှင့် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ သတင်းကောင်းတစ်ပုဒ် ရေးသားနိုင်ရန်ရည်ရွယ်၍ သတင်းရေးသားနည်းသင်တန်းကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက တောင်တွင်းကြီးမြို့၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပိရမစ်ပုံပြောင်းပြန်သတင်းရေးနည်း၊ သတင်းရေးသားသူတို့ သတိထားရမည့်အချက်များ၊ "ဘ" ခြောက်လုံး အခြေခံ၍ ပြည့်စုံတိကျသော သတင်းရေးသားနည်း၊ သတင်းရေးသားရာတွင် လိုက်နာရမည့် အသုံးအနှုန်းများနှင့် ကိန်းဂဏန်းသုံးစွဲပုံများ၊ သတင်းဗီဒီယိုနောက်ခံစကားပြောခြင်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင် (မိဿနိုးမြေ)**

၀-၀-၀-၀-၀-၀-၀-၀

## ပလင်းတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဗလင်္ဂါတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ဝင်းသီရိလှိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဒက္ခိဏသီရိမြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ဝင်းသီရိလှိုင်က ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရေး၊ အားကစားနည်းစနစ်များ၊ အားကစားနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းအမေးအဖြေကဏ္ဍတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ခြင်းနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ ယာယီကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက "လူငယ်နှင့် အချိန်၏တန်ဖိုး" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် လူကုန်ကူးမှုတာဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**





## လူငယ်ရေးရာ အသိပညာပေးဟောပြော

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမ၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မဟာအောင်မြေခရိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက အားကစားနည်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးနွယ်အေးချိုက ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသီတာက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်စာစောင်များ၊ လှပသာယာပြည်မြန်မာ အသိပညာပေး နံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စင်မင်းမောင်**

**(ခရိုင်-ပြန်/ဆက်)**

**စာအုပ်၊ စာပေ လူ့မိတ်ဆွေ ။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး ရှေ့ဆောင်

## သင်းရနံ့လှိုင် ကဗျာပန်းခိုင်

* ကဏ္ဍအစုံ ဖွံ့ဖြိုးရေး
ဆောင်ရွက်ပေး မန်းစည်ပင်။
ညီညွတ်စွာ နေထိုင်ကြ
အလှပေါ်လွင်။

* တိုင်းဒေသ မြို့နယ်တစ်ခွင်
ဘက်စုံတွင် ထူးချွန်ထက်မြက်။
ပေးအပ်တာဝန် ကျေပွန်ထမ်းလို့
ကြိုးပမ်းရှေ့ဆက်။

* ထာဝစဉ် အမုန်းမဖက်
တွဲထားလက် ခိုင်မြဲစေ။
ဖေးမကူညီ ရိုင်းပင်းထား
တို့များတစ်တွေ။
ပြည်အကျိုး အမြဲလေ
သယ်ပိုးနေ အစဉ်တစ်စိုက်။
စည်းကမ်းကို လိုက်နာကြလို့
ဘဝပျော်ပိုက်။

* မန်းစည်ပင် ဌာနအလိုက်
ဂုဏ်ပြုထိုက် ဂုဏ်ပြုပါ။
နှစ်ပတ်လည် မင်္ဂလာ
ကောင်းခြင်းဝေဖြာ။
သုံးဆယ့်သုံးနှစ် ပြည့်မြောက်လာ
နှစ်များစွာ ဖြတ်ကျော်အထူး။
သင်းရနံ့လှိုင် ကဗျာပန်းတို့
(အိုကွယ်)
ရှင်လန်းသီကျူး ။ ။

**ဇေကျမ်းရွာ ကျောင်းအိုသား**



